# မိုးကြိုနှင့်မိုးနှောင်းရာသီဝါသီးနှံတွင်ကျရောက်တတ်သောအင်းဆက်ဖျက်ပိုးများနှင့် ဘက်စုံကာကွယ်နှိမ်နင်းနည်းလမ်းများ

| စဉ် | ဖျက်ပိုး | ဘက်စုံကာကွယ်နှိမ်နင်းနည်းလမ်းများ |
|---|---|---|
| ၁။ | ဝါသီးလုံး<br>ဖောက်ပိုး<br>Cotton Bollworm :<br>*Helicoverpa armigera*<br>(Hübner, 1808)<br>Pink bollworm:<br>*Pectinophora gossypiella*<br>(Saunders, 1843) | (၁)ဖျက်ပိုးဒဏ် ခံနိုင်ရည်ရှိသော ဝါမျိုးကို ရွေးချယ်စိုက်ပျိုးပါ။<br>(၂)ရိတ်သိမ်းပြီးပါက ပင်ကြွင်းပင်ကျန်များအား ဖျက်ဆီး၍ ထယ်နက်နက်ထွန်ပါ။<br>(၃) ပဲတီစိမ်း၊ မတ်ပဲ၊ မြေပဲ၊ ပဲပုပ် ၊နှံစားပြောင်း အစရှိသော သီးနှံများကို သီးညှပ်စိုက်ပါ။<br>(၄)သီးလှည့်စိုက်ပျိုးပါ။<br>(၅)ဖျက်ပိုးများကို ဆွဲဆောင်နိုင်သည့် ထောင်ခြောက်သီးနှံများ (Trap Crop) ကိုထည့်သွင်း စိုက်ပျိုးပါ။ (ရုံးပတီ၊ပဲစဉ်းငုံ၊ နေကြာ၊ ချစ်တီးပန်း)<br>(၆)ဖျက်ပိုးကျရောက်မှု သိရှိရန်နှင့် ဖလံဖမ်း ရန် တစ်ကေလျှင် အလင်း ရောင်ထောင် ချောက် (၁) ခုထောင်ပါ။<br>(၇)ထရိုင်ကိုဂရားမား ဥကပ်ပါးနကျီ (Trichogramma) အားအသုံးပြုပါ။<br>(၈) တစ်ကေလျှင်ဖီရိုမုန်းထောင်ချောက် (၂) ခု တပ်ဆင်၍ အကောင်ကြီးများအားဖမ်းယူပါ။<br>(၉)ပင်လုံးပြန့်ပိုးသတ်ဆေး ဖစ်ပရိုနေး (Fipronil) အား အပင်ခြေတွင်မြေဆွ၍ထည့်ပါ။<br>(၁၀) စီးပွားရေးအရ ထိခိုက်မည့်အဆင့် (ETL) – အပွင့် အပိန့် အသီး (၁၀)% ပျက်စီးလျှင်(သို့) တစ်ညတွင် ဖလံ (၉)အထက်ဖမ်းမိပါက ထိသေစားသေ ပိုးသတ်ဆေး တစ်မျိုးမျိုးကို ပိုးသတ်ဆေးဘူး၊ အိတ်ပေါ်ပါ အညွှန်း အတိုင်းပက်ဖျန်းပါ။<br>• ဖလူဗန်ဒိုင်ရာမိုက် (Flubendiamide)<br>• ဆိုက်ပါမီသရင် (Cypermethrin)<br>• လန်မ်ဒါဆိုင်ဟေလိုသရင် (Lambda–Cyhalothrin)<br>• အင်ဒိုဇာကပ် (Indoxacarb) |

| | | |
|---|---|---|
| | | • စပီနိုဆက်(Spinosad)<br>• *Bacillus thuringiensis* (ဘက်တီးရီးယား) |
| ၂။ | ပိုးစေးနဲ့ /မီလီဂျပိုး<br>Citrus Mealybug:<br>*Planococcus citri*<br>(Risso, 1813) | (၁)ဖျက်ဆီးခံရသော အရွက်များ၊ အကိုင်းများနှင့် ပင်စည်များကို နှုတ်ယူမီးရှို့ဖျက်ဆီးပါ။<br>(၂)အပင်ခြေအားမြေဆွပေးပါ။(ဥ နှင့်ရုပ်ဖုံးများပေါ်ထွက်လာစေပြီးမိတ်ဆွေပိုးများ စားသောက် စေရန်နှင့် နေပူ၍ သေစေရန်)<br>(၃)ဥများသေစေရန်စိုက်ခင်းအားရေသွင်းပါ။<br>(၄)ဆပ်ပြာဖျော်ရည်ပက်ဖျန်းပါ။<br>(၅)မြေသြဇာမျှတစွာထည့်ပေးပါ။<br>(၆)ပိုးသတ်ဆေး (Carbaryl, Thiamethoxam) နှင့်ထုံးရောနှော ၍ပင်စည် အား သုတ်လိမ်း ပြီးပတ်တီး စည်းပေးပါ။<br>(၇)ထိသေစားသေ နှင့် ပင်လုံးပြန့်အာနိသင်ရှိသော ပိုးသတ်ဆေးတစ်မျိုးမျိုးကို ပိုးသတ် ဆေးဘူး ပါအညွှန်း အတိုင်း သုံးပါ။<br>• ဒိုင်မီသိုအိတ် (Dimethoate)<br>• ဒိုင်နိုတီဖျူရမ် (Dinotefuran)<br>• စပီရိုတတ်ထရာမက်(Spirotetramat) |
| ၃။ | လှေးပိုး<br>Melon : Thrips<br>*Thrips Palmi*<br>(Karny, 1925) | (၁)ရွက်မွှေးထူ ၍ဖျက်ပိုးဒဏ်ခံနိုင်ရည်ရှိသော ဝါမျိုးများ စိုက်ပျိုးပါ။<br>(၂)အပူချိန်မြင့်လျှင်ဘဝစက်ဝန်းပိုမိုမြန်စေသဖြင့် စိုက်ခင်း အား ရေမှန်မှန်သွင်းပါ။<br>(၃)အပါတ်စဉ် ပိုးမွှားကင်းထောက်မှတ်တမ်းကောက်ယူပါ။<br>(၄)အပြာရောင်ပိုးဖမ်းထောင်ချောက်များတပ်ဆင်၍အကောင်ကြီးများ အားဖမ်းယူပါ။ (တစ်ကေလျှင်၃-၅ ခုနှုန်း)<br>(၅)စီးပွားရေးအရ ထိခိုက်မည့်အဆင့် (ETL) – အရွက်တစ်ရွက်တွင်(၁၀)ကောင်(သို့) အပင် ထိခိုက် မှု (၁၀%) |

| | | |
|---|---|---|
| | | တွေ့ရှိရပါကအောက်ပါပင်လုံးပြန့်ပိုးသတ်ဆေးတစ်မျိုးမျိုး အား ပိုးသတ်ဆေး ဘူး/အိတ်ပါ အညွှန်းစာအတိုင်း ပက်ဖျန်းပါ။<br>• ဒိုင်မီသိုအိတ် (Dimethoate)<br>• သိုင်ရာမီသိုဇမ် (Thiamethoxam)<br>• စပီရိုတတ်ထရာမက် (Spirotetramat)<br>• ကလိုဖန်နာပါ (Chlorfenapyr) |
| ၄။ | ပျပိုး<br>Cotton Aphid:<br>*Aphis gossypii*<br>(Glover, 1877) | (၁)ခရမ်းချဉ်၊ဆလပ်၊ပြောင်းတို့ဖြင့်တွဲဖက်စိုက်ပျိုးပါ။<br>(၂)သင့်တော်သောပင်ကြားတန်းကြားအသုံးပြုစိုက်ပျိုးပါ။ အပင်စိပ်စိပ်မစိုက်ပါနှင့်။<br>(၃)အသီးများထွက်ပြီးပါက အပင်ထိပ်ပိုင်းများကို ဖြတ်ပေးပါ။<br>(၄) စီးပွားရေးအရ ထိခိုက်မည့်အဆင့် (ETL) – အရွက် တစ်ရွက် တွင် ပျပိုး (၁၀ )ကောင်တွေ့ပါ အောက်ပါ ပင်လုံးပြန့် ပိုးသတ်ဆေး တစ်မျိုး မျိုးကို ပိုးသတ်ဆေးဘူးပါ အညွှန်းစာ အတိုင်း ပက်ဖျန်းပါ။<br>• ဒိုင်မီသိုအိတ် (Dimethoate)<br>• ဖစ်ပရိုနေးလ် (Fipronil)<br>• ကာဘိုဆာလဖန်(Carbosufan)<br>• သိုင်ရာမီသိုဇမ် (Thiamethoxam) |
| ၅။ | ယင်ဖြူ<br>Whitefly<br>:*Aleurodicus dispersus*<br>(Russell, 1965) | (၁)သီးလှည့်စိုက်ပါ။<br>(၂) သီးညှပ်စိုက်ပျိုးရာတွင်မြေပဲနှင့်ကြက်ဆူပင် ဖြင့်အသုံးပြု စိုက်ပျိုးခြင်းကို ရှောင်ကျဉ်ပါ။<br>(၃)ရွက်မွေးထူ ၍ဖျက်ပိုးဒဏ်ခံနိုင်ရည်ရှိသော ဝါမျိုးများ စိုက်ပျိုးပါ။<br>(၄)အပါတ်စဉ် ပိုးမွှားကင်းထောက်မှတ်တမ်းကောက်ယူပါ။<br>(၅) စီးပွားရေးအရ ထိခိုက်မည့်အဆင့် (ETL) – အရွက်တစ်ရွက်တွင်(၁၀)ကောင်(သို့) အပင် ထိခိုက် မှု (၁၀%) တွေ့ရှိရပါက အောက်ပါပင်လုံးပြန့်ပိုး သတ် ဆေး |

| | | |
|---|---|---|
| | | တစ်မျိုးမျိုးအား ပိုးသတ်ဆေး ဘူး/အိတ်ပါ အညွှန်း စာအတိုင်း ပက်ဖျန်းပါ။<br>• ဒိုင်မီသိုအိတ် (Dimethoate)<br>• သိုင်ရာမီသိုဇမ် (Thiamethoxam)<br>• စပီရိုတတ်ထရာမက် (Spirotetramat)<br>• အက်စီတာမီပရစ် (Acetamiprid)<br>• သိုင်ရာကလိုပရစ်(Thiacloprid) |
| ၆။ | ဝါဖြုတ်စိမ်းပိုး<br>Cotton Jassids :<br>*Amrasca biguttula biguttula* (Ishida, 1912) | (၁) အရွက်မွေးထူသည့် ခံနိုင်ရည်ရှိ ဝါမျိုး အား ရွေးချယ်စိုက်ပျိုးပါ။<br>(၂)ဖြုတ်ပိုးသည် ပေါင်းပင်များပေါ်တွင် ခိုအောင်းနိုင် သည့်အတွက် စိုက်ခင်းအတွင်း ပေါင်းမြက် များကိုရှင်းလင်းပါ။<br>(၃)မျိုးစေ့ တစ်ကီလိုဂရမ်လျှင် အင်မီဒါကလိုပရစ် (Imidacloprid 600 FS/ Imidacloprid 70SS) အားမျိုး စေ့ (၁)ကီလိုလျှင် (၃-၅) စီစီနှုန်း ဆေးစီရင်ပါ။<br>(၄)နိုက်ထရိုဂျင်မြေဩဇာအားမျှတစွာအသုံးပြုပါ။<br>(၅) စီးပွားရေးအရ ထိခိုက်မည့်အဆင့် (ETL) – အရွက်တစ်ရွက် တွင် ဖြုတ်စိမ်းပိုး (၁၀) ကောင် တွေ့ပါ အောက်ပါ ပင်လုံးပြန့်ပိုးသတ် ဆေး တစ်မျိုးမျိုးကို ပိုးသတ်ဆေးဘူးပါ အညွှန်းစာ အတိုင်း ပက်ဖျန်းပါ။<br>• ဒိုင်မီသိုအိတ် (Dimethoate)<br>• ဖစ်ပရိုနေးလ် (Fipronil)<br>• ကာဘိုဆာလဖန်(Carbosufan)<br>• သိုင်ရာမီသိုဇမ် (Thiamethoxam)<br>• ပိုင်မီထရိုဇင်း (Pyrmetrozine) |
| ၇။ | ဝါပိုးနီ<br>Red Cotton Bug:<br>*Dysdercus cingulatus* (Fabricius, 1775) | (၁) ရိတ်သိမ်းပြီးဝါခင်းများအား စနစ်တကျ ခုတ်သိမ်း မီးရှို့ဖျက်ဆီးပါ။<br>(၂)စိုက်ခင်းပါတ်လည်တွင်လက်ခံလွှဲပင်များကို ဖယ်ရှားပါ။ (လက်ပံ၊ကြက်ဆူရိုင်း၊ ဗူး ဖရုံမျိုး ရင်း ဝင်အပင်များ)<br>(၃) စီးပွားရေးအရ ထိခိုက်မည့်အဆင့် (ETL) –ဝါပင် (၂၄) |

| | | |
|---|---|---|
| | | ပင်တွင် ဝါဂွမ်းပိုးနီ (၅) ကောင် တွေ့ရှိပါက ဆေး ဖျန်းပါ။<br>(၄)အောက်ပါပင်လုံးပြန့်ပိုးသတ်ဆေးတစ်မျိုးမျိုးအား ပိုးသတ်ဆေးဘူး/အိတ်ပါ အညွှန်းစာ အတိုင်း ပက်ဖျန်းပါ။<br>• ဒိုင်မီသိုအိတ် (Dimethoate)<br>• ဒိုင်နိုတီဖျူရမ် (Dinotefuran)<br>• သိုင်ရာမီသိုဇမ် (Thiamethoxam) |
| ၈။ | ဝါပင်စည်ထိုး ကျိုင်း<br>Cotton Bollweevil<br>*:Pempherulus offinis* | (၁)ရိတ်သိမ်းပြီးနောက်ကျန်ရှိသောဝါပင်၊ဝါငုတ်များအားမီးရှို့ ဖျက်ဆီးပါ။<br>(၂) ပေါင်းမြက်များရှင်းလင်းပါ။<br>(၄) ငှက်နားနေတိုင်များထောင်ပေးပါ။<br>(၅)အပင်အားမြေဆွပြီးမြေကြီးထဲသို့ ဖီပရိုနေး (Fipronil 3GR, Carbosulfan 5G) ထည့်ပေးပါ။<br>(၆)အောက်ပါထိသေစားသေနှင့်ပင်လုံးပြန့်အာနိသင်ရှိ ပိုးသတ်ဆေးတစ်မျိုးမျိုးကို ပိုးသတ် ဆေးဘူး၊ အိတ်ပေါ်ပါ အညွှန်း အ တိုင်းပက်ဖျန်းပါ။<br>• လန်မ်ဒါဆိုင်ဟေလိုသရင် (Lambda–Cyhalothrin)<br>• ဒိုင်မီသိုအိတ် (Dimethoate)<br>• ဒိုင်နိုတီဖျူရမ် (Dinotefuran)<br>• သိုင်ရာမီသိုဇမ် (Thiamethoxam)<br>• ကာဘိုဆာလ်ဖန် (Carbosulfan) |